ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန



ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP)

(Village Development Plan)

ပေါက်ကုန်းကျေးရွာ၊ဧယျာသီရိမြို့နယ်၊နေပြည်တော်

ဧယျာသီရိမြို့နယ်၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

၂၀၁၈ ခု စက်တင်ဘာလ ( ) ရက်

မာတိကာ

စကားချီး ၄

မြေမျက်နှာသွင်ပြင်နှင့် ကျေးရွာများ တည်နေရာပြမြေပုံ၊ ၅

၁။ တည်နေရာနှင့် ပထဝီအနေအထား ၆

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ ၆

၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ ၆

၄။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ ၆

၅။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ ၇

က။ သီးနှံ စိုက်ပျိုးရေး ၇

ခ။ မွေးမြူရေး ၇

ဂ။ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြား ဝင်ငွေရ လုပ်ငန်းများ ၈

ဃ။ ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများ ၈

၆။ အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ ၉

က။ ကျေးလက် သယ်ယူပို့ဆောင်ရေး ဆိုင်ရာ အခြေခံ အဆောက်အဦ ၉

ခ။ လျှပ်စစ်စွမ်းအား ဆိုင်ရာ အခြေခံအဆောက်အဦ ၉

ဂ။ ဆက်သွယ်ရေး၊ သတင်းနှင့် နည်းပညာ ဆိုင်ရာ အခြေခံအဆောက်အဦ ၉

၇။ ပညာရေး ၁၀

က။ ပညာရေး ဝန်ဆောင်မှု ရရှိနိုင်မှု အခြေအနေ ၁၀

၈။ ကျန်းမာရေး ၁၀

က။ ကျန်းမာရေး:စောင့်ရှောက်မှု ဆိုင်ရာ ဝန်ဆောင်မှု ရရှိမှု အခြေအနေ ၁၀

ခ။ သောက်သုံးရေရရှိမှုနှင့် သန့်ရှင်းရေ ၁၁

၉။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ၁၁

က။ ပတ်ဝန်းကျင်နှင့် သဘာဝသယံဇာတများ ထိန်းသိမ်းကာကွယ်ပြုစုခြင်း ၁၁

ခ။ သဘာဝဘေးအန္တရာယ်များ စီမံခန့်ခွဲခြင်း ၁၂

၁၀။ ကျား – မ ရေးရာ ၁၂

၁၁။ ဦးစားပေးစီမံချက်လုပ်ငန်းများဇယား ၁၄

နောက်ဆက်တွဲများ

နောက်ဆက်တွဲ ၁။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း ၁၅

နောက်ဆက်တွဲ ၂။ ဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

နောက်ဆက်တွဲ ၃။ ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား

နောက်ဆက်တွဲ ၄။ စီမံချက်အဆိုပြုလွှာများ -၁

နောက်ဆက်တွဲ၅။ စီမံချက်အဆိုပြုလွှာများ-၂

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈-၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂-၂၃ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနေဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစုနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်း ဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့ တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ် ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက် တို့၏ အရေးပါမှုကို သိရှိရုံ သာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်း အချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များ နှင့်နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူလိုကြောင်းကိုလည်းကောင်းစွာသိရှိခဲ့ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများစုစည်း ဆောင်ရွက်နိုင်ရန် အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီး ဌာနတို့၏ ဆက်လက်ပံ့ ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင် တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေး ဆိုင်ရာအားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံး သပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင် မည့် ဖြစ်ပါကြောင်း ယုံကြည် ပါသည်။

ဤအစီအစဉ်တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေး လုပ်ငန်းအစီအစဉ်များ၊ လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြ ထားပါသည်။

စီမံကိန်းဆိုင်ရာအချက်အလက်များနှင့် အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ပေါက်ကုန်းကျေးရွာ
ဧရာဝတီရိုးမြို့နယ်၊နေပြည်တော်

ပေါက်ကုန်းကျေးရွာ၏ မြေမျက်နှာသွင်ပြင်နှင့် တည်နေရာပြမြေပုံ



ပေါက်ကုန်းကျေးရွာ၏ ပထဝီဝင်အနေအထားနှင့် သဘာဝရင်းမြစ်များ

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ပေါက်ကုန်းကျေးရွာဧရိယာသီရိမြို့နယ်၏ အရှေ့ဘက်တွင် တည်ရှိသည့် ကျေးရွာတစ်ရွာဖြစ်ပါသည်။ ကျေးရွာသည် အရှေ့လောင်ကျီကျေး (၉၆ ဒီဂရီ ၂၄ မိနစ်)နှင့် မြောက်လတ္တီကျေး(၁၉ ဒီဂရီ ၈၇ မိနစ်)ကြားတွင် တည်ရှိပါသည်။မြောက်ဘက်တွင် မအူတောကျေးရွာ၊ အနောက်ဘက်တွင် စိမ်းစားပင်ကျေးရွာ၊ အရှေ့ဘက်တွင် ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ်နယ်မြေနှင့် တောင်ဘက်တွင် လယ်ယာမြေတို့ တည်ရှိပါသည်။ ကျေးရွာ မှမြို့ပေါ်သို့သွား ရောက်ရန်အတွက်ရန်ကုန်-မန္တလေးလမ်းဟောင်းနှင့်နီး သဖြင့် အလွယ်တကူသွားလာနိုင်ပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ပေါက်ကုန်းကျေးရွာ၊ဧရိယာသီရိမြို့နယ်သည်နွေ၊မိုး၊ဆောင်ဟူ၍ ရာသီဥတု (၃)မျိုး ရှိပြီး ယေဘုယျအားဖြင့် အပူပိုင်းမုတ်သုံရာသီဥတုရှိပြီး အမြင့်ဆုံး အပူချိန်မှာ(၃၉.၉·C)နှင့် အနိမ့်ဆုံးအပူချိန်မှာ (၁၁.၇·C)ရှိပါသည်။ တစ်နှစ်ပျမ်းမျှမိုးရေချိန်မှာ (၄၀) လက်မ ခန့် ရှိပါသည်။

၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

ပေါက်ကုန်းကျေးရွာရှိ အိမ်ထောင်စု (၃၂၃) စုတွင် စုစုပေါင်းလူဦးရေ (၁၂၈၄) ဦးရှိပြီး (ကျား- ၆၃၅+ မ-၆၄၈) ဦးရှိပါသည်။ တစ်အိမ်ထောင်လျှင်ပျမ်းမျှလူဦးရေ(၄) ဦးခန့်ရှိ ပါသည်။ အလုပ်လုပ်နိုင်သည့်အရွယ်လူဦးရေမှာ(၇၄.၀၄%) ရှိပြီး လုပ်သား အင်အားရရှိမှု များပါသည်။၄င်း အလုပ်လုပ်နိုင်သောသူများကို အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှု အတတ်ပညာများ ထောက်ပံ့ ပေးခြင်း၊ တစ်နိုင်တစ်ပိုင်လုပ်ငန်းများ ထူထောင် ပေးနိုင်မည် ဆိုပါက ကျေးရွာဖွံ့ဖြိုးရေးအတွက် အလားအလာကောင်းများရှိနိုင်ပါသည်။ အလုပ်လုပ် နိုင်သောအရွယ်တွင် အမျိုသားအလုပ်လုပ်နိုင် သောလူဦးရေထက် အမျိုးသမီးဦးရေက ပိုများသည်။၆၀ နှစ်နှင့် အထက် သက်ကြီးရွယ်ကြီး မှာ(၄.၀၅%) ရှိပြီး ကျန်းမာရေး အခြေအနေမှာ အသင့်အတင့်ကောင်းမွန်ကြပါသည်။

၄။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင် လူမှုရေးအသင်းအဖွဲ့များရှိပြီး သက်ဆိုင်ရာလုပ်ငန်းများအလိုက် တက်ကြွစွာဆောင်ရွက်ကြပါသည်။ ကျေးရွာရှိ အရပ်ဘက်လူမှု အဖွဲ့အစည်းများအကြား ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုနှင့်သက်ဆိုင်သည့်

ချိတ်ဆက်ဆောင်ရွက်မှုသည် အသင့်အတင့်ကောင်းမွန်ကြသည်ဟု ဆိုနိုင်သည်။ ကျေးရွာအတွင်း စည်းလုံးညီညွတ်မှု၊ ရပ်မိရပ်ဖများ၏ ဩဇာသက်ရောက်မှုများကြောင့် အဖွဲ့လိုက်ဆောင်ရွက်မှုများတွင် အောင်မြင်ထိရောက်မှု အသင့်အတင့်ရရှိထားကြသည်။ သို့သော်လည်း ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုနှင့် ပတ်သက်သောအသိအမြင်ဗဟုသုတများအပိုင်းတွင် ဥပမာအားဖြင် အဖွဲ့အစည်းများ ဆိုင်ရာ သဘောတရားများတွင် လိုအပ်ချက်များ ရှိနေသေးသည်။

၅။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

က။ သီးနှံ စိုက်ပျိုးရေး

ကျေးရွာတွင် လယ်ယာမြေပိုင်မှုနည်းပါးသည်။ ကျေးရွာတစ်ရွာလုံးအနေဖြင့် လယ်ယာမြေပိုင်ဆိုင်သည့် အိမ်ထောင်စုမှာ (၁.၅၄%)မျှသာရှိပါသည်။ကျေးရွာတွင် စုစု ပေါင်းလယ်ယာမြေဧကမှာ (၂၁) ဧကသာရှိပြီး စပါးကို အဓိကစိုက်ပျိုးပြီး အခြား သီးနှံများအနေဖြင့် နှမ်း၊မြေပဲစသည့်သီးနှံများစိုက်ပျိုးကြပါသည်။ကျေးရွာတွင် စိုက်ပျိုးရေးသွင်းအားစုများ၊နည်းပညာဝန် ဆောင်မှုများအသင့်အတင့်ရရှိပြီးအဟန့် အတားအနေဖြင့် ရေသွင်းစိုက်ပျိုးရန် ရေဆင်းဆည်ရှိသော်လည်း အနည်းအကျဉ်း သာရရှိနိုင်ခြင်း၊စိုက်ပျိုးမြေတိုးချဲ့ရန်နိုင်ခြေနည်းပါးခြင်း၊ အလုပ်သမားစရိတ်ကြီး မြင့်ခြင်း၊ ဖျက်ပိုးကျရောက်တတ်ခြင်း၊ငွေကြေးအရင်းအနှီး အလွယ်တကူမရနိုင် ခြင်း တို့ရှိပါသည်။သီးနှံအထွက်နှုန်းများတွင် စပါးသည် တစ်ဧကအထွက်နှုန်း အများဆုံးဖြစ်ပြီး မြေပဲနှင့် နှမ်းအထွက်နှုန်းမှာအသင့်အတင့်ရှိပါသည်။ သီးနှံများ ရောင်းချသည့်အချိန်တွင် ဈေးကွက်မတည်ငြိမ်မှုကြောင့် အကျိုးအမြတ်ရရှိမှုနည်းပါးပါသည်။ အခြေအနေကောင်းတစ်ရပ်အနေဖြင့် စိုက်ပျိုးသီးနှံထုတ်ကုန်များကို ရောင်းချရန် ဈေးကွက်အလုံအလောက်ရှိပါသည်။

ခ။ မွေးမြူရေး

ဇယား (၈) ပေါက်ကုန်းကျေးရွာတွင် တိရစ္ဆာန်မွေးမြူထားရှိမှုအခြေအနေ

စဉ်	ကျေးရွာ	နွား	နို့စားနွား	ဝက်	မြင်း	ကြက်	ဘဲ
၁	ပေါက်ကုန်း	၂၉	-	၃၀	၃	၁၇	-

ပေါက်ကုန်းကျေးရွာသည် မွေးမြူရေးလုပ်ငန်းကို တစ်နိုင်တစ်ပိုင် အိမ်တွင်မွေးမြူလျှက်ရှိပြီး
စီးပွားဖြစ်မွေးမြူထားခြင်းမရှိပါ။နွားမွေးမြူရေး၊ဝက်မွေးမြူရေး နှင့်ကြက်မွေးမြူရေးလုပ်ငန်းများ အသင့်အတင့်ရှိနေသည်။ ကျေးရွာတွင် တစ်နိုင်တစ်ပိုင် ကြက်မွေးမြူမှုသည့် အိမ်ထောင်စုမှာ (၀.၆)%ခန့်နှင့် တစ်နိုင်တစ်ပိုင် ဝက်မွေးမြူသည့် အိမ်ထောင်စုမှာ (၈.၃၅)%ခန့် မွေးမြူကြသည်။ အခြားသော မြင်းမွေးမြူရေးလုပ်ငန်းများလည်းအနည်းငယ် မွေးမြူထားကြောင်း တွေ့ရှိရ ပါသည်။ မွေးမြူရေးလုပ်ကိုင်သော အိမ်ထောင်စုများ အလွန်နည်းပါးကြောင်း တွေ့ရှိရပါသည်။

မွေးမြူရေးသမားများအနေဖြင့် မွေးမြူရေးကို တစ်နိုင်တစ်ပိုင်းမွေးမြူကြသော်လည်း နွားမွေးမြူရေးလုပ်ငန်း အတွက် စာကျက်မြေနှင့် စိုက်ပျိုးမြေများ မရှိသည့်အတွက် တိရိစ္ဆာန်အစားအစာ အတွက် အခက်အခဲရှိကြပါသည်။ မွေးမြူရေးနည်းပညာနှင့် နည်းပညာဝန်ဆောင်မှု လိုအပ်ချက်များ ရှိကြသည်။

၈။ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြား ဝင်ငွေရ လုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှု ထုတ်ကုန်လုပ်ငန်းနှင့် ပတ်သက်၍ အိမ်တွင်းမှုလုပ်ငန်းများမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများအဖြစ် အစိုးရဝန်ထမ်းများ၊ ထုတ်ကုန် လုပ်ငန်းတွင် နေ့စားသွား ရောက်လုပ်ကိုင်ခြင်း၊ပန်းရံ၊ လက်သမား၊ ဆောက်လုပ် ရေး၊ ကားမောင်း၊ ဆိုင်ကယ် ကယ်ရီ၊ ဈေးဆိုင် ၊အပ်ချုပ်ဆိုင် လုပ်ငန်းများ ကိုလုပ်ကိုင်ကြသည်။ အသက်မွေးဝမ်းကျောင်း အတတ်ပညာကျွမ်းကျင်မှု နည်းပါးသည်။ အရင်းအနှီးလည်းနည်းပါးပြီး အစိုးရဘဏ်ချေးငွေများလည်း မရှိသော ကြောင့် အသက်မွေးဝမ်းကျောင်းအတွက် အခက်အခဲရှိကြပါသည်။ ကျေးရွာနှင့် မြို့ပေါ် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပြီး လျှပ်စစ်မီးလည်းရရှိ သောကြောင့် ထုတ်ကုန်လုပ်ငန်းများထုတ်လုပ်ရန် အခွင့်အလမ်း တစ်ရပ်ပင်ဖြစ်ပါသည်။
တက္ကသိုလ်များဈေးနှင့်လည်းနီးသောကြောင့်
မွေးမြူရေးထုတ်ကုန်များသို့မဟုတ် အခြားသော ထုတ်ကုန်များထုတ်လုပ်နိုင်ပါက ဈေးကွက်အလုံအလောက်ရှိပါသည်။နယ်မြေလုံခြုံပြီး လွပ်လပ်စွာသွားလာရောင်းဝယ်နိုင်ပြီး လမ်းပန်းဆက်သွယ်ရေးမှာလည်း တစ်နှစ်ပတ်လုံး ရာသီမရွေးသွားလာနိုင်ပါသည်။ကျေးရွာတွင်

လုပ်သားအင်အားရရှိနိုင်မှုများသော်လည်း
စိုက်မွေးပျိုးရေးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သည့် မိသားစုများသည် အလုပ်အကိုင်အခွင့် အလမ်းနည်းပါသည်။

ဃ။ ဘဏ်နှင့် ဘဏ္ဍာရေး ဆိုင်ရာ လုပ်ငန်းများ

ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှုမရှိသောကြောင့် အစိုးရချေးငွေစနစ်များ မရှိသေးပါ။အဖွဲ့လိုက်ငွေစု/ငွေချေးအစီအစဉ်ဖြင့် ငွေချေးစနစ်ရှိပြီး အတိုးနှုန်းမှာ (၅%) မှ (၁၀%) ထိရှိပါသည်။ မိတ်ဆွေနှင့် ဆွေမျိုးများထံမှချေးငွေများရှိပြီး အပေါင်ခံပစ္စည်းမလိုအပ်သော်လည်း မြေယာပိုင်ဆိုင်မှုမရှိသည့်အတွက် ယုံကြည် မှုအားနည်းပြီး လူတိုင်းမရနိုင်၊ အလုံအလောက်မရရှိနိုင်ပါ။ ဂရန်မြေပေါက် ရရှိတင်ပြနိုင်သောအိမ်ထောင်စုများအတွက် သက်သာသောအတိုးနှုန်းဖြင့် ချေးငွေ ရယူနိုင်ရန် အခွင့်အလမ်းများ ပေါ်လာနိုင်ပါသည်။
ပုဂ္ဂလိကငွေတိုးချေးစားသူများနှင့် အပေါင်ဆိုင် များမှလည်း ကာလတိုချေးငွေများကို တစ်လလျှင် အတိုးနှုန်း ၅ %မှ ၁၀ %ဖြင့် ချေးယူနိုင်ကြသည်။ ကျေးရွာတွင် တစ်လလျှင် အတိုးနှုန်း ၁၀ %အထက်ဖြင့် ချေးယူကြရခြင်း များလည်းရှိကြသည်။ ကျေးရွာတွင် ချေးငွေလိုအပ်မှု အနေအထားမှာ ယေဘုယျအားဖြင့် အတော်အသင့်မြင့်မားသည့် အနေအထားတွင် ရှိနေဆဲဖြစ်ပြီး ဘဏ်များအနေဖြင့်လည်း ကျေးရွာအရောက် ဝန်ဆောင်ပေးမှုများ မရှိသလောက် အားနည်းနေဆဲဖြစ်သလို ကျေးရွာ နေပြည်သူအများစုမှာ သက်သာသောအတိုးနှုန်းဖြင့် ချေးငွေရရှိရာ လမ်းကြောင်းများမှာ အလှမ်းဝေးနေဆဲဖြစ်သည်။

၆။ အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

က။ ကျေးလက်သယ်ယူပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက်အဦး

ကျေးရွာတွင် (၃) ဖာလုံခန့်ဝေးသော တက္ကသိုလ်များဈေးတွင် ကုန်စိမ်းနှင့် သားငါးများကို အလွယ်တကူဝယ်ယူနိုင်ပြီး၊ အခြားသောလူသုံးကုန်ပစ္စည်းများ အား ဆိုင်ကယ်ဖြင့်သော်လည်းကောင်း၊ သုံးဘီးဆိုင်ကယ်၊ ကား များဖြင့် သော်လည်းကောင်း သယ်ယူပို့ဆောင်လျက်ရှိပါသည်။ ကျေးရွာတွင် အသုံးပြုမှု အများဆုံးသယ်ယူပို့ဆောင်ရေးယာဉ်များမှာ စက်ဘီး၊ ဆိုင်ကယ်၊သုံးဘီးဆိုင်ကယ်၊ ထော်လာကျီနှင့် ကားများကို အသုံးပြုကြပါသည်။

ကျေးရွာသည်ရန်ကုန်-မန္တလေးလမ်းဟောင်းနှင့်နီးပြီးဘေးကပ်လျက်တွင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တည်ရှိသောကြောင့် လမ်းဘေးဆက်သွယ်ရေး အနေဖြင့် ကောင်းမွန်ပါသည်။
ကျေးရွာရှိရွာတွင်းလမ်းများ၏စုစုပေါင်းအရှည်မှာ (၁) မိုင် ခန့်ရှည်လျားပြီး မြေသားလမ်းဖြစ်ပြီး အသင့်အတင့်ကောင်းမွန်ပါသည်။
ရွာချင်းဆက်လမ်းများမှာလည်း အသင့်အတင့်ကောင်းမွန်ပါသည်။

ခ။ လျှပ်စစ်မွန်းအားဆိုင်ရာ အခြေခံအဆောက်အဦး

ကျေးရွာတွင် မဟာဓါတ်အားလိုင်းအသုံးပြုသည့် အိမ်ထောင်စုမှာ (၉၆%) ခန့်ရှိပြီး အသုံးပြုနိုင်သေးသော အိမ်ထောင်စုမှာ (၄.၀၂%)ထိ ရှိနေသေးပါသည်။ လျှပ်စစ်ဓါတ်အားထိန်းသိမ်းမှုမှာလည်း အသင့်အတင့်ကောင်းမွန်ပါသည်။

ဂ။ ဆက်သွယ်ရေး၊သတင်းနှင့် နည်းပညာဆိုင်ရာ အခြေခံအဆောက်အဦး

ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာနှင့် ပတ်သက်၍ အိမ်တိုင်းနီးပါ တယ်လီဖုန်းအသုံးပြုနိုင်ကြပြီး တယ်လီဖုန်း၊ ရေဒီယို၊ တီဗွီ၊ စလောင်းများ အများအပြားရှိပါသည်။လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး ကျေးရွာအနီး အမ်ပီတီ၊အော်ဒီးဒူး၊တယ်လီနောတာဝါတိုင်များရှိပြီး ဆင်းကဒ် အနေဖြင့် အမ်ပီတီ၊ အော်ဒီဒူး၊တယ်လီနော(၃) မျိုးစလုံး အသုံးပြုနိုင်ပြီး ဈေးကွက်နှင့်လည်း သတင်းအချက်အလက်များ အချိန်နှင့် တပြေးညီရယူနိုင်ပါသည်။
ကျေးရွာသူ/သားများ အနေဖြင့်လည်း ဆက်သွယ်ရေးဗဟုသုတနှင့် နည်းပညာအချက် အလက်များကို လျှင်မြန်လွယ်ကူစွာရရှိနိုင်ပါသည်။

၇။ ပညာရေး

က။ ပညာရေး ဝန်ဆောင်မှု ရရှိနိုင်မှု အခြေအနေ

ကျေးရွာအနီးတွင်အစိုးရရေဆင်းအ.ထ.ကကျောင်းဖွင့်လှစ်သင်ကြားလျက်ရှိသည်။ ကျောင်းနေအရွယ် ကလေးငယ်အများစုမှာ ကျောင်းပညာရေးဝန်ဆောင်မှုများကိုလက်လှမ်းမှီကြသည်။ကျောင်းဆောင်သည် သွပ်မိုး၊ အုတ်နံရံ ကာဖြစ်ပြီး အရည် အသွေးမှာ အသင့်အတင့်ကောင်းမွန်းပါသည်။ မူလတန်းတက်ရောက်သူ (၁၃၁)ဦး၊ အလယ်တန်းတက်ရောက်နေသူ(၇၈)ဦး၊
အထက်တန်းတက်ရောက်သူ(၃၆)ဦးနှင့် တက္ကသိုလ်/

ကောလိပ်တက်ရောက်နေသူ(၅၀)ဦးရှိကြောင်းတွေ့ရှိရပါသည်။
ကျေးရွာသူ/သားများ အနေဖြင့် ပညာရေးတွင် အသင့်အတင့်ရှိပါသည်။
ကျေးရွာရှိမိသားစုများမှာ ပညာရေးအား အလေးထားအား ပေးကြောင်း တွေ့ရှိရပါသည်။
အတန်းပညာ ပြီးမြောက်မှုများတွင် ဘွဲ့ရလူငယ် အရေအတွက်မှာ ၄.၃၃%ရှိသဖြင့် လုပ်ငန်းခွင်ဝင်နိုင်သည့် လူသားအရင်းအမြစ်တစ်ရပ်ပင်ဖြစ်ပါသည်။ လူငယ်များမှာ အလုပ်အကိုင်ရှားပါးမှုနှင့် အသက်မွေးဝမ်းကျောင်းနည်းပညာအားနည်းခြင်းများရှိပါသည်။ လူငယ်များကို အသက်မွေးဝမ်းကျောင်းနည်းပညာ သင်တန်းများပို့ချပေးပြီး လုပ်ငန်းဖော်ဆောင်နိုင်ရန် လိုအပ်သော ရင်းနှီးငွေ/ချေးငွေပါ ပံ့ပိုးပေးပြီးနောက် လုပ်ငန်းများဖွင့်လှစ်ဆောင်ရွက်နိုင်ပါက ဝင်ငွေအသင့်အတင့်ရလာနိုင်ကြပါမည်။

၈။ ကျန်းမာရေး

က။ ကျန်းမာရေး:စောင့်ရှောက်မှု ဆိုင်ရာ ဝန်ဆောင်မှု ရရှိမှု အခြေအနေ

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနမရှိသော်လည်း ကျန်းမာရေးမကောင်း လျှင်ဖြစ်စေ၊အရေးပေါ်လူနာများရှိခဲ့လျှင်ဖြစ်စေ ကျေးရွာမှ(၁) မိုင်ခန့်ဝေးသော ဇေယျာသီရိမြို့နယ် ကုတင်(၅၀)ဆေးရုံသို့လည်းကောင်း ၊ပျဉ်းမနားမြို့ ကုတင် (၁၀၀၀)ဆေးရုံသို့ လည်းကောင်း သွားရောက်ကုသကြရပါသည်။ ကျေးလက်ပြည်သူများအကြားဝမ်းပျက် ဝမ်းလျှောနှင့် သွေးလွန်တုတ်ကွေး ရောဂါများသည် ရာသီအလိုက်ဖြစ်ပွားမှုအသင့်အတင့်ရှိပါသည်။အခြားသော
ဆီးချို၊သွေးတိုးရောဂါများမှာလည်း
အသင့်အတင့်ဖြစ်ပွားကြောင်းတွေ့ရှိရပါသည်။

ခ။ သောက်သုံးရေရရှိမှုနှင့် သန့်ရှင်းရေး

ကျေးရွာတွင် သောက်သုံးရေကို ရေတွင်းများ၊ လက်နှိပ်တုံကင်တွင်းများနှင့် အဝီစက်တပ်တွင်းများမှ သုံးစွဲကြပြီး ကျေးရွာရှိအိမ်ထောင်စုအားလုံးအတွက်လုံ လောက်မှုရှိပါသည်။

ပတ်ဝန်းကျင်သန့်ရှင်းရေးအပိုင်းတွင် ကျေးလက်ဒေသ၏ ယင်လုံအိမ်သာသုံးစွဲမှုမှာ ၉၅%အထက်ရှိပါသည်။

ရေကြောင့်ဆက်စပ်ဖြစ်ပွါးသောရောဂါများ အထူးသဖြင့် ဝမ်းပျက် ဝမ်းလျှော၊ ဝမ်းကိုက်ရောဂါများမှာ အသင့်အတင့် ဖြစ်လေ့ဖြစ်ထရှိနေတုန်းဖြစ်သည်။ တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာ
ကျန်းမာရေးပညာပေးမှုများမှာလည်းအသင့်အတင့်ရှိပါသည်။

၉။ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ် ပြုစုခြင်း

က။ ပတ်ဝန်းကျင်နှင့် သဘာဝသယံဇာတများ ထိန်းသိမ်းကာကွယ်ပြုစုခြင်း

ကျေးရွာတွင် မြေဆီလွှာ အနေအထားမှာ မြေသားအမျိုးအစား ဖြစ်သည်။ စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိပ်ခွံ၊ဗူးခွန်များကို စနစ်တကျ မစွန့်ပစ်ကြသဖြင့် အန္တရာယ်ရှိမှုမြင့်သည်။ကျေးရွာအလယ်တွင် ရွာလယ်ချောင်းရှိပြီး ကျေးရွာတွင်နေထိုင်သူအများစုသည်အမှိုက်များ စွန့်ပစ်မှုကြောင့် ချောင်းတိမ်ကောမှုဖြစ်ပြီး ကျေးရွာ၏ အနိမ့်ပိုင်းအိမ် အများစုအား ရေကြီးနစ်မြုပ်ခြင်းများဖြစ်ပေါ်လျက်ရှိပါသည်။
သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ပေးဆောင်ရွက် ပေးသင့်သည်။ ငါးမျိုးကွဲများ၊ရှားပါးတိရိစ္ဆာန်များမရှိပါ။ အခါအားလျော်စွာ မိုးခေါင်ခြင်းက သဘာဝဘေးအန္တရာယ် တစ်ရပ်အနေဖြင့် ရှိနေဆဲဖြစ်ပါ သည် ။

ခ။ သဘာဝဘေးအန္တရာယ်များ စီမံခန့်ခွဲခြင်း

ပေါက်ကုန်းကျေးရွာသည် ကုန်းတွင်းပိုင်ဖြစ်သောကြောင့် မုန်တိုင်း၊အအေးလွန်ကဲ
ခြင်း၊ရေကြီးခြင်း၊မီးဘေးအန္တရာယ်များမရှိသေးပါ။မကြာခဏ
ငလျင်လှုပ်ခတ်မှု ရှိသော်လည်း ပြင်းထန်မှုနည်းသော်ကြောင့် ပျက်စီးဆုံးရှုံမှုမရှိပါ။ သဘာဝဘေးနှင့် ပတ်သက်သော ကာကွယ်ရေးအသိပညာပေးအစီအစဉ်များလည်းမရှိပါ။ လူထု အခြေပြု သဘာဝဘေးအန္တရာယ် လျော့ချရေးအစီအစဉ်များလည်းမရှိသေးပါ။ ကျေးရွာတွင် ရာဇဝတ်မှုခင်းများဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို အဆင်ပြေချောမွေ့စေပါသည်။ မှုခင်းများ ကာကွယ်တားဆီးလျော့ချရေးအတွက် ရဲဘက်ဆိုင်ရာများမှာလည်း (၁) နှစ်တစ်ကြိမ် မှုခင်းကျဆင်းရေး ဟောပြောပွဲများ ပြုလုပ်ပေးလျက်ရှိပါသည်။

၁၀။ ကျားမရေးရာ

ကျေးရွာတွင် မိဘများသည် သားသမီးများကို ပညာသင်ကြားမှုအပိုင်းတွင် ကျားဖြစ်ခြင်း၊ မဖြစ်ခြင်းအပေါ် ခွဲခြားသတ်မှတ်ခြင်းမရှိပဲ တန်းတူပညာသင်ကြားခွင့်ရှိကြပါသည်။ မိသားစုစားဝတ်နေရေးအခြေအနေအလိုက်သာ ပညာသင်ကြားခွင့်ကို သက်ရောက်မှုရှိစေနိုင်သည်။ နေ့စား လုပ်ငန်းများ၊ စီပွားရေးလုပ်ငန်းများတွင် ကျားမတန်းတူအခွင့်အရေး ရရှိပါသော်လည်း နေ့စားလုပ်အားခ သတ်မှတ်ရာတွင် အမျိုးသမီးများမှာ အမျိုးသားများထက် လုပ်အားခရရှိမှု ပိုနည်းသည်ကို တွေ့ရှိရပါသည်။ လူမှုအဖွဲ့အစည်းအတွင်း အိမ်တွင်းအကြမ်းဖက်မှုနှင့် ကျား၊မခွဲခြား ဆက်ဆံမှုတို့မှာ အများအားဖြင့် နည်းပါးသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းနှင့် ကျေးရွာ သာရေး၊ နာရေး ကိစ္စရပ်များတွင် အမျိုးသမီးများ တက်တက်ကြွကြွ ပါဝင်လုပ်ဆောင်ကြသော်လည်း အိမ်မှုကိစ္စများကို ဦးစားပေး ဆောင်ရွက်မှုများကြသဖြင့် ကျေးရွာအုပ်ချုပ်ရေးအပိုင်းတွင်မူ အမျိုးသမီးများ၏ ပူးပေါင်း ပါဝင်မှု နည်းပါးသည်ကို လေ့လာတွေ့ရှိရပါသည်။ ဥပမာအားဖြင့် ကျေးရွာဖွံ့ဖြိုးရေးသင်တန်း တက်ရောက်ရန် အမျိုးသား၊ အမျိုးသမီးတို့အကြား တန်းတူအခွင့်အရေးပေးပြီး ဖိတ်ကြားခဲ့သော်လည်း သင်တန်းတွင် အမျိုးသမီးပါဝင်မှုနှုန်းမှာ ၁.၅ ရာခိုင်နှုန်းသာရှိခဲ့ပါသည်။ ကျေးလက်နေလူထု၏ အလုပ်လုပ်နိုင်သောအင်အားထက်ဝက်ဝန်းကျင်မှာ အမျိုးသမီးများဖြစ်ကြပြီး ထိုအမျိုးသမီးထု၏ စွမ်းပကားကိုလေ့ကျင့်တိုးမြှင့်ပေးခြင်းဖြင့် ကျေးရွာဖွံ့ဖြိုးရေးကဏ္ဍအတွက် အထောက်အပံ့ ဖြစ်စေပါမည်။ ကျားမဆိုင်ရာတန်းတူ ညီမျှမှု ကိစ္စရပ်များအတွက် မိသားစုနှင့် ကျေးလက်လူထု အတွင်း အသိပညာ ပေးခြင်းများ တိုးမြှင့်ဆောင်ရွက် ပေးသင့်ပါသည်။ ထိုမှသာ ကျားမတန်းတူညီမျှမှုနှင့် ကျေးရွာဖွံ့ဖြိုးရေးတို့အတွက် အထောက်အပံ့ဖြစ်စေနိုင်ပါသည်။

၁၁။ ဦးစားပေးစီမံချက်လုပ်ငန်းများဇယား

နောက်ဆက်တွဲများ

နောက်ဆက်တွဲ ၁။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း

နောက်ဆက်တွဲ ၂။ ဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

နောက်ဆက်တွဲ ၃။ ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုဇယား

နောက်ဆက်တွဲ၄။စီမံချက်အဆိုပြုလွှာများ

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည် – မအူတောာ			ကျေးရွာအမည် – ပေါက်ကုန်း	မှတ်ချက်
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	
၁	အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေး	အုပ်ချုပ်ရေး နှင့် စီမံခန့်ခွဲရေး	အဖွဲ့ငယ်များအား စီမံခန့်ခွဲမှု၊ ခေါင်းဆောင်မှု၊ စာရင်းကိုင်စသည့် သင်တန်းများ စီစဉ်ဆောင်ရွက်ခြင်း။	
၂	စိုက်ပျိုးရေး	နည်းပညာ	မျိုးကောင်းမျိုးသန့်ထုတ် လုပ်နည်း သင်တန်းများ ဆောင်ရွက်ခြင်း။	
၃	စိုက်ပျိုးရေး	နည်းပညာ	မြေဆီလွှာ ပြုပြင်ထိန်း သိမ်းနည်း သင်တန်းများ စီစဉ်ခြင်း။	
၄	စိုက်ပျိုးရေး	နည်းပညာ	ပိုးမွှား၊ ရောဂါ ကာကွယ်နှိမ် နှင်းရေး နည်းပညာ သင် တန်း / ဟောပြောပွဲများ စီစဉ်ဆောင်ရွက်ခြင်း။	
၅	စိုက်ပျိုးရေး	စျေးကွက်	စိုက်ပျိုးရေးလုပ်ငန်းကို စီးပွားရေးအမြင်ဖြင့် လုပ်ဆောင်နိုင်ရန် စီးပွားရေး အမြင်ဖွင့်သင်တန်းများ ပြုလုပ်ခြင်း။	
၆	စိုက်ပျိုးရေး	စျေးကွက်	စျေးကွက်ဆန်းစစ်ခြင်းနှင့် လိုအပ်ချက်အတိုင်း ထုတ်လုပ်ခြင်း။	
၇	မွေးမြူရေးနှင့်ငါးလုပ်ငန်း_မွေးမြူရေးဆေးပညာ	တိရိစ္ဆာန် မွေးမြူရေး	မြို့နယ် မွေး/ကုဌာနနှင့် ချိတ်ဆက်၍ စီးပွားဖြစ် မွေးမြူနည်းသင်တန်းများနှင့် ဝန်ဆောင်မှုများ ရရှိရန် ချိတ်ဆက်ခြင်း။	
၈	ငွေကြေး	အသေးစား	အသေးစား/အလတ်စား ဖွံ့ဖြိုးတိုးတက်လာစေရန် ချေးငွေရရှိနိုင်မည့် လိုအပ်ချက်များ ပြင်ဆင်ခြင်း။	
၁၀	ငွေကြေး	အသေးစား	အသက်မွေးဝမ်းကျောင်း လုပ်ငန်းပေါ်မူတည်၍ အတိုးနှုန်းနည်းပြီး ကာလရှည် ထုတ်ချေးပေးနိုင်မည့် ချေးငွေနေရာများနှင့် ချိတ်ဆက်ခြင်း။	
၁၁	ငွေကြေး	ရပ်ရွာအခြေပြု	မြစိမ်းရောင်ချေးငွေစီမံကိန်း ရရှိရန် ချိတ်ဆက်ခြင်း။	
၁၄	ကျန်းမာရေး	ကျန်းမာရေးပညာပေး၊ ကျောင်းကျန်းမာရေး	ကျန်းမာရေးအသိပညာပေး ဟောပြောပွဲများ စီစဉ်ပေးခြင်း။	
၁၅	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ရွာလယ်မြောင်းတွင် Box Culvert တံတားတည်ဆောက်ခြင်။	
၁၆	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ရွာလယ်မြောင်းတူးဖော်ခြင်း။	
၁၇	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ရွာလယ်မြောင်းကျောက်စီခြင်း။	
၂၂	အခြေခံအဆောက်အဦ	သောက်သုံးရေ	စက်ရေတွင်း+ရေစက်ရုံ+ရေကန် တည်ဆောက်ခြင်း။	
၂၃	လူငယ်နှင့်အားကစား	လူငယ့်အခွင့်အလမ်း	အားကစားကွင်းတည်ဆောက်ခြင်း။ စာကြည့်တိုက်ဆောက်လုပ်ခြင်း။	
၂၄	လူငယ်နှင့်အားကစား	အမျိုးသမီး	အမျိုးသမီးများအား တရား ဥပဒေဆိုင်ရာအသိပညာပေး ဟောပြောပွဲများ စီစဉ်ခြင်း။	
၂၅	လူငယ်နှင့်အားကစား	လူငယ့်အခွင့်အလမ်း	လက်ရှိလူငယ်အဖွဲ့အား စွမ်းဆောင်ရည်မြင့်တင်ရေး သင်တန်းများ ပြုလုပ်ခြင်း။	

ရေဆင်းကျေးရွာ၊ ကန်သာအေးကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးကြံတင်	ဦးကျော်မြ	၉/ ပမန(နိုင်) ၁၀၄၇၄၄	၆၀	ဥက္ကဋ္ဌ	၀၉-၇၉၂၇၉၀၃၈၅
၂	ဒေါ်အေးအေးမြတ်	ဦးကျော်မြင့်	၉/ပမန(နိုင်) ၁၂၈၈၁၆	၄၃	အတွင်းရေးမှူး	၀၉-၇၉၇၈၄၈၂၀၉
၃	ဦးသော်ဇင်ဦး	ဦးတင်မြင့်	၉/ပမန(နိုင်)၂၃၁၀၆၄	၂၅	စာရင်းကိုင်	၀၉-၉၆၉၈၄၆၅၁၀
၄	ဦးဝင်းမြင့်သန်း	ဦးမောင်မောင်	၉/ပမန(နိုင်) ၁၀၆၄၂၁	၆၀	ဘဏ္ဍာရေးမှူး	၀၉-၇၉၉၁၈၂၂၁၃
၅	ဒေါ်သန်းသန်းအေး	ဦးသာအေး	မရှိ	၅၃	သေ့ကိုင် (၁)	၀၉-၄၀၁၀၂၆၀၆၇
၆	ဒေါ်ခင်ဝင်းမြင့်	ဦးမောင်	၉/ပမန(နိုင်) ၀၆၀၄၂၇	၄၆	သေ့ကိုင် (၂)	၀၉-၇၉၀၄၁၄၀၃
၇	ဦးချွန်သူ	ဦးသာအေး	၉/ပမန(နိုင်) ၁၂၉၁၇၇	၄၅	အဖွဲ့ဝင်	
၈	ဦးထွန်းဝင်း	ဦးချစ်	၉/ပမန(နိုင်) ၁၉၃၁၆၈	၃၂	အဖွဲ့ဝင်	၀၉-၂၅၀၁၀၃၈၂၇
၉	ဦးမင်းမင်းအောင်	ဦးလေးအောင်	၉/ပမန(နိုင်) ၁၈၃၇၇၃	၄၃	အဖွဲ့ဝင်	
၁၀						
၁၁						
၁၂						
၁၃						
၁၄						
၁၅						

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၆	၁	၇
၁ နှစ်မှ ၄ နှစ် အထိ	၅နှစ်အောက်ကလေးငယ်	၁၉	၁၅	၃၄
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၆၉	၆၄	၁၃၃
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၅၁	၅၂	၁၀၇
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၄၆၁	၄၈၉	၉၅၀
၆၅ နှစ်အထက်	သက်ကြီးရွယ်ကြီး	၂၅	၂၇	၅၂
စုစုပေါင်း		**၆၃၅**	**၆၄၈**	**၁၂၈၃**
စုစုပေါင်း အိမ်ထောင်စု		၃၂၃		

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ (၁) အထက်ဇယားပါ ကိန်းဂဏန်းအချက်အလက်များသည် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲစဉ် အချိန်က ကျေးရွာသူ ရွာသားများမှ ကောက်ယူတင်ပြထားသည့် မူလအတိုင်းဖြစ်ပါသည်။ ပြုပြင်ပြောင်းလဲ ထားခြင်း မရှိပါ။

လေ့လာတွေ့ရှိချက်။ ပေါက်ကုန်းကျေးရွာတွင် အိမ်ထောင်စုပေါင်း(၃၂၃) စုရှိပြီး (ကျား-၆၃၅+ မ-၆၄၈) စုစုပေါင်းလူဦးရေမှာ (၁၂၈၃) ဦးရှိပါသည်။ တစ်အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေ မှာ (၄) ဦးခန့်ရှိပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သောလူဦးရေမှာ (၉၅၀) ဦး ရာခိုင်နှုန်းအား ဖြင့် (၇၄.၈၄ %) ရှိသဖြင့် လုပ်သားအင်အားရရှိနိုင်မှုများသည်ကို တွေ့ရှိရပါသည်။ ၆၀ နှစ်နှင့် အထက် သက်ကြီးရွယ်ကြီးများမှာ (၅၂) ဦး (၄.၀၅%) ဦးရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(၂) သဘာဝရင်းမြစ်များ

(၂-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၂) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ရေရရှိနိုင်မှု (ရ/မရ/အနည်း အကျဉ်း)	ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ/ချောင်း/ မြစ်/စိမ့်စမ်းစသည်)
လယ်မြေ	၁၆	သင့်	အနည်းငယ်	ရေဆင်းဆည်ရှိ
ယာမြေ	၅			
ဥယျာဉ်ခြံမြေ				
အိမ်ခြံဝင်း စိုက်ခင်း				
ကိုင်း/ကျွန်းမြေ				

စားကျက်မြေ				
ပလပ်မြေ				
သစ်တောမြေ				
စုစုပေါင်း	၂၁			

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။(၁) မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင် သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

(၂) အထက်ဇယားပါ ကိန်းဂဏန်းအချက်အလက်များသည် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲစဉ် အချိန်က ကျေးရွာသူ ရွာသားများမှ ကောက်ယူတင်ပြထားသည့် မူလအတိုင်းဖြစ်ပါသည်။ ပြုပြင်ပြောင်းလဲ ထားခြင်း မရှိပါ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လယ်မြေ၊ယာမြေ ၈က(၂၁)ကသာရှိပြီး စပါးကိုအဓိကစိုက်ပျိုးကြပါသည်။ ယာမြေများတွင် နှမ်း၊မြေပဲစသည့်သီးနှံများကို စိုက်ပျိုးကြပါသည်။ စိုက်ပျိုးရေအတွက် ရေဆင်းဆည်းမှ အနည်းအကျဉ်းရရှိနိုင်ပါသည်။ ကျေးရွာရှိ အိမ်ထောင်စုအများစုသည် လယ်ယာမြေပိုင်ဆိုင်မှု မရှိကြပါ။လက်လုပ်လက်စား၊နေ့စားအင်္ဂါနှင့် ဈေးရောင်းလုပ်ငန်းများဖြင့် မိသားစုစားဝတ်နေရေးအဖြစ် လုပ်ကိုင် ကြပါသည်။

(၂-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၃) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	**ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)**	**အသုံးချနိုင်မှု** (လွယ်/ခက်/လက်လှမ်းမမှီ)
ကာဗွန်(ဓါတ်ငွေ့/ရေနံ)	မရှိ	
ဓါတ်သတ္တု(ကျောက်မျက်၊သတ္တု၊ကျောက်၊ ကျောက်မီးသွေး၊သဲ)စသည်	မရှိ	
အခြားသဘာဝအရင်းအမြစ်များ		
တိရစ္ဆာန်မျိုးစိတ်များ	မရှိ	
အပင်မျိုးစိတ်များ (လူ၊တိရိစ္ဆာန်တို့အတွက်အသုံးဝင်သော)	မရှိ	
ပျမ်းမျှအပူချိန် - ၃၇ ဒီဂရီ	**ပျမ်းမျှမိုးရေချိန် - ၄၀ လက်မ**	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

မှတ်ချက်။ (၁) အထက်ဇယားပါ ကိန်းဂဏန်းအချက်အလက်များသည် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲစဉ် အချိန်က ကျေးရွာသူ ရွာသားများမှ ကောက်ယူတင်ပြထားသည့် မူလအတိုင်းဖြစ်ပါသည်။ ပြုပြင်ပြောင်းလဲ ထားခြင်း မရှိပါ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များမရှိပါ။

(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	အဖွဲ့၏စွမ်းဆောင်ရည် အခြေနေ(သို့) နိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက်
၁	လူမှုရေးအဖွဲ့	၁□ ၂√ ၃□	ပညာရေး□ဘွေကြေး□ ကျန်းမာရေး□ဘာသာရေး√ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √ လုံခြုံရေးနှင့် ကာကွယ်ရေး□	ဖွဲ့စည်းဆောင်ရွက်မှုကောင်း
၂	နာရေးကူညီမှု အသင်း	၁□ ၂√ ၃□	ပညာရေး□ဘွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး√ လုံခြုံရေးနှင့် ကာကွယ်ရေး□	စွမ်းဆောင်ရည်ကောင်းမွန်
၃	မီးလင်းဆေးအဖွဲ့	၁□ ၂√ ၃□	ပညာရေး□ဘွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √ လုံခြုံရေးနှင့် ကာကွယ်ရေး√	စွမ်းဆောင်ရည် အသင့်အတင့် ကောင်းမွန်
၄	ပြင်ပအသေးစား ချေးငွေလုပ်ငန်း	၁□ ၂√ ၃□	ပညာရေး□ဘွေကြေး√ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး□	စွမ်းဆောင်ရည် အသင့်အတင့် ကောင်းမွန်
၅		၁□ ၂□ ၃□	ပညာရေး√□ဘွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး□	
၆		၁□ ၂□ ၃□	ပညာရေး□ဘွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး□	
၇		၁□ ၂□ ၃□	ပညာရေး□ဘွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □	

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်)	လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	အဖွဲ့၏စွမ်းဆောင်ရည် အခြေနေ(သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက်
			လုံခြုံရေးနှင့် ကာကွယ်ရေး □	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

မှတ်ချက်။ (၁) အထက်ဇယားပါ ကိန်းဂဏန်းအချက်အလက်များသည် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲစဉ် အချိန်က ကျေးရွာသူ ရွာသားများမှ ကောက်ယူတင်ပြထားသည့် မူလအတိုင်းဖြစ်ပါသည်။ ပြုပြင်ပြောင်းလဲ ထားခြင်း မရှိပါ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်လူမှုရေးအဖွဲ့(၄)ဖွဲ့ရှိပါသည်။ ကျေးရွာရှိအဖွဲ့အစည်းများမှာ စွမ်းဆောင်ရည်များအသင့်အတင့်ရှိကြောင်းတွေ့ရှိရပါသည်။ ကျေးရွာတွင် လူမှုရေးအဖွဲ့နှင့် နာရေးကူညီမှုအသင်း သည် ဖွဲ့စည်းဆောင်ရွက်မှု စွမ်းရည်မှာ အားကောင်းပြီး ပြင်ပအသေးစားချေးငွေအဖွဲ့အစည်းလည်းရှိပါသည်။ အစိုးရမှ ချေးငွေအဖွဲ့အစည်းများမရှိပါ။

(၄) စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

(၄-၁) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၅) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	-	-	-	-
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	**၁၃**	**၂၉၃**	**၁၃**	**၄**

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

မှတ်ချက်။ (၁) အထက်ဇယားပါ ကိန်းဂဏန်းအချက်အလက်များသည် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲစဉ် အချိန်က ကျေးရွာသူ ရွာသားများမှ ကောက်ယူတင်ပြထားသည့် မူလအတိုင်းဖြစ်ပါသည်။ ပြုပြင်ပြောင်းလဲ ထားခြင်း မရှိပါ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ ဥစ္စာဓနအဆင့်သတ်မှတ်ရာတွင် အိမ်ထောင်စုအားလုံး၏ (၅.၃%)မှာ မပြေလည်သောအိမ်ထောင်စုနှင့် အလွန်မပြေလည်သောအိမ်ထောင်များဖြစ်ကြပြီး (၄.၀၂%)မှ အဆင်ပြေသောအဆင့်နှင့် (၉၀.၇%)မှာ အလယ်အလတ်အဆင့်အိမ်ထောင်စုများဖြစ်ကြပါသည်။ မပြေလည်သောအိမ်ထောင်စုများနှင့် အလွန်မပြေလည်သောအိမ်ထောင်စုများအနေဖြင့် မြေယာပိုင်ဆိုင်မှုမရှိခြင်း၊ ဝင်ငွေရလုပ်ငန်းများလုပ်ကိုင်ရန် အတတ်ပညာများ တတ်မြောက်မှုနည်းပါခြင်းနှင့် အရင်းအနှီးမရှိခြင်းတို့သည် အဓိကအခက်အခဲများဖြစ်ကြသည်။

(၄-၂) သီးနှံထုတ်လုပ်ရေး

(၄-၂-၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၆) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွဲ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၃၁၈	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၁	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၃	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၁	တောင်သူလတ်
၅	၁၂.၅ ဧက အထက်		တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		**၃၂၃**	☒

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ (၁) အထက်ဇယားပါ ကိန်းဂဏန်းအချက်အလက်များသည် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲစဉ် အချိန်က ကျေးရွာသူ ရွာသားများမှ ကောက်ယူတင်ပြထားသည့် မူလအတိုင်းဖြစ်ပါသည်။ ပြုပြင်ပြောင်းလဲ ထားခြင်း မရှိပါ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်မြေယာပိုင်ဆိုင်သောအိမ်ထောင်စု(၁၅.၅%)သာရှိပြီး မြေယာပိုင်ဆိုင်မှုမရှိသော အိမ်ထောင်စုမှာ(၉၈.၅%)ရှိပါသည်။ မြေယာမပိုင်ဆိုင်သော အိမ်ထောင်စုများမှာ ပန်းရံ၊ လက်သမား၊ ဈေးရောင်း၊ အစိုးရဝန်ထမ်းလုပ်ငန်းများတွင် လုပ်ကိုင်နေကြကြောင်းတွေ့ရှိရပါသည်။

(၄-၂-၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်း စိုက်ဧက	တစ်ဧက အထွက်နှုန်း				အကျိုးအမြတ်ရရှိမှု(နည်း/သင့်/များ) ရှင်းလင်းဖော်ပြချက်
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	
စပါး	၁၀	တင်း	၅၀	၈၀	**၆၅**	အကျိုးအမြတ်ရရှိမှုနည်းပါသည်။
မြေပဲ	၆	တင်း	၃၀	၅၀	**၄၀**	အကျိုးအမြတ်ရရှိမှုနည်းပါသည်။
နှမ်း	၅	တင်း	၁၅	၂၀	**၁၈**	အကျိုးအမြတ်ရရှိမှုနည်းပါသည်။
စုစုပေါင်း	**၂၁**					

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

မှတ်ချက်။ (၁) အထက်ဇယားပါ ကိန်းဂဏန်းအချက်အလက်များသည် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲစဉ် အချိန်က ကျေးရွာသူ ရွာသားများမှ ကောက်ယူတင်ပြထားသည့် မူလအတိုင်းဖြစ်ပါသည်။ ပြုပြင်ပြောင်းလဲ ထားခြင်း မရှိပါ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိုက်ပျိုးရေးကို လုပ်ကိုင်သည့် အိမ်ထောင်စုမှာ (၅) စုမျှ သာရှိပြီး အဓိကစိုက်ပျိုးသည့် သီးနှံမှာ စပါးဖြစ်ပြီး အခြားသော မြေပဲနှင့် နှမ်း သီနှံများကိုလည်းစိုက်ပျိုးပါ သည်။ သီနှံအထွက်နှုန်းမှာ ပျမ်းမျှအားဖြင့် နည်းပါးပြီး ဈေးကွက်မတည်ငြိမ်မှုကြောင့် အကျိုးအမြတ်ရရှိမှု နည်းပါး ပါသည်။

(၄-၃) မွေးမြူရေးလုပ်ငန်း

ဇယား (၈) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၁၃	၂၉
နို့စားနွား		
ကျွဲ		
မြင်း	၂	၃
မြည်း		
လား		
ဆိတ်		
သိုး		
ဝက်	၂၇	၂၄
ကြက်	၂	၁၇
ဘဲ		
နွားနောက်		
ငါးလုပ်ငန်း		
ငါးကန်		
ပုဇွန်ကန်		
ဂဏန်း မွေးမြူရေးလုပ်ငန်း		
ရေချို ငါးဖမ်းလုပ်ငန်း		
ကမ်းလွန် ငါးဖမ်းလုပ်ငန်း		

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

မှတ်ချက်။ (၁) အထက်ဇယားပါ ကိန်းဂဏန်းအချက်အလက်များသည် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲစဉ် အချိန်က ကျေးရွာသူ ရွာသားများမှ ကောက်ယူတင်ပြထားသည့် မူလအတိုင်းဖြစ်ပါသည်။ ပြုပြင်ပြောင်းလဲ ထားခြင်း မရှိပါ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်နွားမွေးမြူရေးလုပ်ကိုင်သူ(၄.၀၂%)၊ဝက်မွေးမြူရေးလုပ်ကိုင်သူ (၈.၄%)နှင့်ကြက်မွေးမြူရေးလုပ်ကိုင်သူ(၀.၆၁%)မျှသာရှိပြီး မွေးမြူရေးကို

စီးပွားဖြစ်မွေးမြူခြင်းမရှိဘဲအိမ်တွင်တပိုင်တနိုင်မွေးမြူကြကြောင်း တွေ့ရှိရပါသည်။ မွေးမြူရေးလုပ်ငန်းတွင် ရာသီအလိုက်ဖြစ်ပွားတတ်သောရောဂါများ အထူးသဖြင့် ဂက်မွေးမြူရေးတွင် ဂက်နားရွက်ပြာရောဂါသည် အဖြစ်များပြီး သေဆုံးပျက်ဆီးမှုများအထိရှိကြောင်း တွေ့ရှိရပါသည်။

(၄-၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

စဉ်	လုပ်ငန်းများ(ထုတ်ကုန်လုပ်ငန်း နှင့်ဂန်ဆောင်မှု)	လုပ်ငန်း အရေ အတွက်	ဂန်ထမ်း/ အလုပ်သမား အရေအတွက်	မိသားစု ဂင် လုပ်အား	ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)နှင့် ရှင်းလင်းဖော်ပြချက်
၁	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ် ရေးနှင့်သဘာဂအရင်းအမြစ်များထုတ်လုပ်ခြင်း	-	-	-	-
၂	ထုတ်ကုန်လုပ်ငန်း	-	-	-	-
၃	လျှပ်စစ်၊ဓါတ်ငွေ့နှင့်ရေပေးဝေးရေး	-	-	-	-
၄	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	-	-	-	-
၅	ယာဉ်၊စက်ကိရိယာ၊အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	၁		၂	လတ်
၆	ကွမ်းကျင်ပညာရှင်များ(ဆံပင်၊ အလှပြင်၊အပ်ချုပ်၊ အင်ဂျင်နီယာ၊သင်တန်းပေးသူ)	၁	၃	၁	လတ်
၇	လက်လီ-လက်ကားရောင်းဂယ်ရေး	၂၅	-	၂၅	မြင့်
၈	ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း	-	-	-	-
၉	ပို့ဆောင်ရေး၊ သိုလှောင်ရေး	-	-	-	-
၁ဂ	ငွေချေးဂန်ဆောင်မှုလုပ်ငန်း (ဘဏ်၊ငွေချေးခြင်းလုပ်ငန်းအပါအဂင် ငွေကြေးဂန်ဆောင်မှုလုပ်ငန်း)	-	-	-	-
၁၁	အိမ်ခြံမြေရောင်းဂယ်ငှားရမ်းခြင်းနှင့် ဆက်စပ်သောလုပ်ငန်းများ	-	-	-	-
၁၂	ပညာရေး	၂		၂	
၁၃	ကျန်းမာရေး	-	-	-	-
၁၄	လူမှုရေးလုပ်ငန်းများ	-	-	-	-
၁၅	အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ (အထက်ဖော်ပြပါလုပ်ငန်းများမှအပ)	-	-	-	-
	စုစုပေါင်းအသက်မွေးဂမ်းလုပ်ကိုင်သူဦးရေ- ၃ဂ				

ရင်းမြစ် ...ဦးတည်အုပ်စုဆွေးနွေးခြင်း-ရပ်မိရပ်ဖအုပ်စု၊စိုက်ပျိုးမွေးမြူရေးမဟုတ်သောဂင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူအုပ်စု၊လူငယ်အုပ်စု

မှတ်ချက်။ (၁) အထက်ဇယားပါ ကိန်းဂဏန်းအချက်အလက်များသည် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲစဉ် အချိန်က ကျေးရွာသူ ရွာသားများမှ ကောက်ယူတင်ပြထားသည့် မူလအတိုင်းဖြစ်ပါသည်။ ပြုပြင်ပြောင်းလဲ ထားခြင်း မရှိပါ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အိမ်တွင်းမှုထုတ်ကုန်လုပ်ငန်းမရှိပါ။ ဝင်ငွေရလုပ်ငန်းများ အဖြစ် နေ့စားအလုပ်များ၊ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊ ဈေးရောင်း၊ စက်ချုပ်လုပ်ငန်းများ၊ အစိုးရလုပ်ငန်းများ လုပ်ကိုင်ကြပါသည်။အလုပ်လုပ်နိုင်သောဦးရေများပြားပြီး ကျေးရွာတိုးတက်မှုအတွက် အလားအလာကောင်းတစ်ရပ်ဖြစ်သည်။ ဈေးရောင်းလုပ်ငန်းကိုင်သော မိသားစုများသည် မိမိတို့နေအိမ်တွင် အိမ်ဆိုင်များဖြင့် ဖွင့်လှစ်ရောင်းချ လုပ်ကိုင်ကြပါသည်။

(၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

(၅-၁) ဈေး

ဇယား (၁၈) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဈေးကွက်လက်လှမ်းမီမှု	အနီးဆုံးဈေး (အနီးဆုံး တစ်ခုကိုသာဖော်ပြပါရန်)	အကြီးစားဈေးကွက် (အဓိကတစ်ခုကိုသာဖော်ပြပါရန်)
ဈေးအမည် (မြို့/ ရွာ)	တက္ကသိုလ်များဈေး	ပျဉ်းမနားဈေး
ရွာမှအကွာအဝေး (မိုင်) (အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်)	၀ မှ ၁ မိုင်√ ၁ မှ ၅ မိုင် □ ၅ မှ ၁၀ မိုင်□ ၁၀မှ ၁၅မိုင် □ ၁၅ မိုင် အထက် □	၀ မှ ၁၀ မိုင်√ ၁၁ မှ ၂၀ မိုင် □ ၂၁ မှ ၃၀ မိုင် □ ၃၀မှ ၅၀ မိုင် □ ၅၁ မှ ၁၀၀ □၁၀၀မိုင်အထက်□
သယ်ယူပို့ဆောင်ရေးနည်းလမ်း	ခြေလျင်□ စက်ဘီး□ ဆိုင်ကယ် √ ကား/ထော်လာကျီ √ ရထား □ သုံးဘီးဆိုင်ကယ် □ လှေ □ စက်လှေ □	ခြေလျင်□ စက်ဘီး□ ဆိုင်ကယ် √ ကား/ထော်လာကျီ √ ရထား □ သုံးဘီးဆိုင်ကယ် □ လှေ □ စက်လှေ □

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

မှတ်ချက်။ (၁) အထက်ဇယားပါ ကိန်းဂဏန်းအချက်အလက်များသည် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲစဉ် အချိန်က ကျေးရွာသူ ရွာသားများမှ ကောက်ယူတင်ပြထားသည့် မူလအတိုင်းဖြစ်ပါသည်။ ပြုပြင်ပြောင်းလဲ ထားခြင်း မရှိပါ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာနှင့်အနီးဆုံးဈေးမှာ တက္ကသိုလ်များဈေးဖြစ်ပြီးကျေးရွာအတွင်းတွင် တည်ရှိပါသည်။ အဝေးဆုံးဈေးမှာ ပျဉ်းမနားဈေးဖြစ်ပြီး (၁၈)မိုင်ခန့်ကွာဝေးပါသည်။ကျေးရွာမှဈေးများသို့ သယ်ယူပို့ဆောင်ရေးတွင် ဆိုင်ကယ်၊ ကား၊ ထော်လာကျီးများကို အသုံးပြုနေကြကြောင်းတွေ့ရှိရပါသည်။ ကျေးရွာအနေဖြင့် ထုတ်ကုန်များအား ရောင်းချရာတွင်လည်းကောင်း၊ အသုံးအဆောင်ပစ္စည်းများအား ဝယ်ယူရာတွင်လည်းကောင်း ဈေးကွက်အနေဖြင့် အဆင်ပြေချောမွေ့ကြောင်းတွေ့ရှိရပါသည်။

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

လမ်း အမျိုးအစား	အမျိုး အစား	အရည်အသွေး	ရာသီအလိုက် သုံးစွဲနိုင်မှု	လမ်းအရှည် (မိုင်)
ရွာတွင်းလမ်း	၁√၂□၃□ ၄□၅□	ကောင်း□ သင့်□သည့်√	ပွင့်လင်း ရာသီ√ တစ်နှစ်ပတ်လုံး □	၀–၁ မိုင်□ ၁–၅ မိုင်□ ၅–၁၀ မိုင်□ ၁၀မိုင်အထက်□

လမ်း အမျိုးအစား	အမျိုး အစား	အရည်အသွေး	ရာသီအလိုက် သုံးစွဲနိုင်မှု	လမ်းအရှည် (မိုင်)
ချဉ်းကပ်လမ်း	၁□၂□၃□ ၄□၅□	ကောင်း□ သင့်□သည့်□	ပွင့်လင်း ရာသီ□ တစ်နှစ်ပတ်လုံး □	၀–၁ မိုင်□ ၁–၅ မိုင်□ ၅–၁၀ မိုင်□ ၁၀မိုင်အထက်□
ရွာချင်းဆက်လမ်း	၁□၂□၃□ ၄□၅□	ကောင်း□ သင့်□ သည့်□	ပွင့်လင်း ရာသီ□ တစ်နှစ်ပတ်လုံး □	၀–၁ မိုင်□ ၁–၅ မိုင်□ ၅–၁၀ မိုင်□ ၁၀မိုင်အထက်□

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။မြေသားလမ်း -၁၊ ကျောက်ခင်းလမ်း - ၂၊ ကျောက်ချောလမ်း -၃၊ ကွန်ကရစ်လမ်း -၄၊ ကတ္တရာလမ်း -၅

မှတ်ချက်။ (၁) အထက်ဇယားပါ ကိန်းဂဏန်းအချက်အလက်များသည် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲစဉ် အချိန်က ကျေးရွာသူ ရွာသားများမှ ကောက်ယူတင်ပြထားသည့် မူလအတိုင်းဖြစ်ပါသည်။ ပြုပြင်ပြောင်းလဲ ထားခြင်း မရှိပါ။

လေ့လာတွေ့ရှိချက်။ ။ ရွာတွင်းလမ်းသည်မြေသားလမ်းဖြစ်ပြီး ပွင့်လင်းရာသီတွင်သာ အသုံးပြု၍ အဆင်ပြေပါသည်။ မိုးရာသီတွင် မိုးရေတင်၍ ဗွက်များထခြင်းကြောင့် ရွာသူ၊သားများနှင့် ကျောင်းသူ/သားများ အနေဖြင့် သွားလာရခက်ခဲလျက်ရှိကြောင်းတွေ့ရှိရပါသည်။

(၅-၃) ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား (၁၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက် ရှိ **အသုံးမပြုပါ**အကွက်တွင် ✓ ပါ)။

သယ်ယူပို့ဆောင်ရေး	အကွာအဝေး (မိုင်)	ယာဉ်အမျိုးအစား	ရာသီအလိုက် သုံးစွဲနိုင်မှု
မြစ်ကြောင်း	၀ မှ ၁၀ မိုင် □ ၁၁ မှ ၂၀ မိုင် □ ၂၁ မှ ၅၀ မိုင် □ ၅၀မိုင် အထက် □ အသုံးမပြုပါ √	၁ □ ၂ □ ၃ □	ပွင့်လင်းရာသီ□တစ်နှစ်ပတ်လုံး□
ပင်လယ်ရေကြောင်း	၀ မှ ၁၀ မိုင် □ ၁၁ မှ ၂၀ မိုင် □ ၂၁ မှ ၅၀ မိုင် □ ၅၀မိုင် အထက် □ အသုံးမပြုပါ √	၁ □ ၂ □ ၃ □	ပွင့်လင်းရာသီ□ တစ်နှစ်ပတ်လုံး□

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။၁ – လှေ၊သမ္ဘာန်၊ ၂- စက်လှေ၊ ၃ - သင်္ဘော။

